ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၁၁)

နေ့စွဲ – ၁၀. ၆. ၂၀၁၂

## ခရစ်တော် အလျင်အမြန်လာမည်ဆိုသည့်အကြောင်း (Jesus' Quick Coming)

သခင်ခရစ်တော်က "ငါအမြန်ပြန်လာမည်"ဟုပြောသောအခါ ဘာကိုဆိုလိုပါသနည်း?(ဗျာ ၂၂း၇၊ ၁၂၊ ၂၀)။ ထိုကတိတော်ကို ခရစ်တော်ပြောဆိုခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင်ခန့်ရှိနေခြင်းက ထိုမေးခွန်းကို အထူးတလည်အရေးပါသောမေးခွန်းဖြစ်လာစေပါသည်။

ဘုရားသခင်ကို မကြောက်ရွံ့မလေးစားသူများ၊ လှောင်ပြောင်ချင်သူများက ထိုမျှကြာနေခြင်းသည် သူပြန်မလာတော့မည့်သက်သေပင်ဖြစ်ကြောင်းပြောနေကြပြီဖြစ်သည်(၂ပေ ၃း၃–၄)။ မည်သို့ပင်ဖြစ်ပါစေ၊ သူသည် ဘယ်တော့မှမလိမ်သော ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကျွန်တော်တို့ ယုံကြည်ကြသဖြင့်၊ သူ၏ပြန်လာခြင်းအတွက် ကျွန်တော်တို့သည် ဆက်လက်ဆုတောင်းနေကြပါသည်၊ မျှော်လင့်နေကြဆဲဖြစ်ပါသည်။ သို့သော်၊ ကျွန်တော်တို့ စိတ်ဓါတ်မကျကြဖို့ရန်၊ ထိုစကားစု၏အဓိပ္ပါယ်ကို စမ်းစစ်ကြရပါမည်။

ကျွန်တော်တို့ယခင်က ပြောခဲ့ပြီးကြသလို၊ ခရစ်တော်သည် အမြဲတမ်းလာလျှက်ရှိနေပါသည်၊– ပြစ်ဒဏ်စီရင်ခြင်းများခြင့်၄င်း၊ ဧဝံဂေလိတရား ဟောကြားခြင်းအားဖြင့်၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုနှင့်ရှိနေပေးမှုတို့ဖြင့်၄င်း၊ လူတိုင်းထံ သေသည့် အခါ၊ ကိုယ်တိုင်ကိုယ်ကျလာရောက်လျှက်၄င်း – ဖြစ်ပါသည်။ ထိုခြားနားသော လာခြင်းများအားလုံးတွင် သူသည် ဆုလဒ်များနှင့်အတူ လာပါသည်၊ လူတိုင်းကို သူတို့၏အလုပ်နှင့်အညီ ဆုချပါသည် (ဗျာ ၂၀း၁၂၊ ၂၂း၁၂)။

မည်သို့ပင်ဖြစ်ပါစေ၊ ဗျာ ၂၂ က အလွန်ရှင်းစွာပြောပြသလို၊ သူမြန်မြန်ပြန်လာမည်ဟုပြောသောအခါ၊ သူ၏နောက်ဆုံး၊ ကိုယ်တိုင်ကိုယ်ကျဖြစ်သော၊ မြင်ရလျှက်ဖြစ်သော ပြန်လာခြင်းကို ပြောနေခြင်းဖြစ်ပါသည်။ ထိုနေရာတွင်လည်း သူသည် ကျွန်တော်တို့ထံပေးထားသောကတိကို အကောင်အထည်ဖေါ်ပါသည်။

မြန်မြန်ပြန်လာမည်ဟု ပြောခြင်း၏အဓိပ္ပါယ်မှာ၊ ပထမအနေနှင့်၊ သူသည် သူ၏လူများကို မိမိထံခေါ်ယူဖို့ လိုအပ်သည်ထက် တချက်ကလေးမှပို၍ ဆိုင်းမနေဘဲ လာမည်ဟုဆိုလိုခြင်းဖြစ်သည်။ အရာခပ်သိမ်း အဆင်သင့်ဖြစ်သည်နှင့်တပြိုင်နက်၊ သူသည် သူ့ဖခင်၏ဘုန်းကျက်သရေအပြည့်နှင့်ပြန်လာမည်၊ အရာအားလုံးကို အသစ်ပြန်ဖြစ်စေပါမည်။

ထိုအချိန်အတွက် အချိန်ဇယားကို ဘုရားသခင့်ရည်ရွယ်ချက်မှနေ၍ ကြည့်ရပါမည်။ ဘုရားသခင်သည် အစိုးရတော်မူစွာ အရာအားလုံးကို ကြိုတင်ခွဲခန့်မှတ်သားထားပါသည်။ ထိုအထဲတွင် ခရစ်တော်ပြန်လာမည့်အချိန်လည်း ပါနေပါသည်။ ထိုအချက်နှင့်ဟန်ချက်ညီစွာ၊ အရာအားလုံးအပေါ် ရည်ရွယ်ထားရှိထားခြင်းများကိုလည်း ထိုအချိန်နှင့်အကိုက် ပြည့်စုံဖြစ်ပျက်လာရန် ချိန်ညှိထားပါသည်။ သမိုင်းထဲတွင်ဖြစ်ပျက်မည့် ထိုအချိန်ရောက်သောအခါ၊ သူရွေးကောက်ထားသောသူတို့ထံ ချမှတ်သော ဘုရားသခင် ၏ရည်ရွက်ချက် ပြီးမြောက်ပါမည်၊ သူတို့ထဲမှ နောက်ဆုံးတယောက်သည် ပြောင်းလည်းယုံကြည်လာမည်ဖြစ်သည် (၂ပေ ၃း၉)။ ဘု ရားတရားမရှိသေသူများနှင့်မယုံကြည်သူများအပေါ် ဘုရားသခင်ထားရှိသောရည်ရွယ်ချက်များသည်လည်း ထိုအချိန်တွင် ပြီးဆုံးကြ မည်။ တချိန်ထဲတွင် ရွေးကောက်ထားသူများအားလုံး ကယ်တင်ခြင်းရကြမည်၊ ထို့အတူ ဘုရားတရားမရှိသေသူများ၊ မယုံကြည်သူ များအတွက် တိုင်းတာထားသော ဆိုးယုတ်ခြင်းခွက်များလည်း ပြည့်ကြမည်၊ ဘုရားသခင့်တရားစီရင်ခြင်းခံကြရရန် ရင့်မှည့်နေကြပါ မည် (ကမ္ဘာ ၁၅း၁၆၊ ဆာလံ ၇၅း၈၊ ဗျာ ၁၄း၁၀၊ ၁၅–၂၀)။

ထိုအချိန်တွင် ခရစ်တော်လည်း လာရောက်မည်ဖြစ်ပါသည်။ မကြာမီလေးအချိန်တွင်တော့ လာဦးမည်မဟုတ်ပါ၊ ထိုသို့ဆိုလျှင် စောလွန်းနေမည်ဖြစ်ပါသည်၊ သို့သော် နောက်ကျပြီးမှလည်း လာမည်မဟုတ်ပါ။ ထိုအခြေအနေများအားလုံးတွင် သူသည် သူ၏ကောင်းကင်ဘုံ၌ရှိသော ခမည်းတော်၏အလိုတော်ကို အကောင်ထည်ဖေါ်ခြင်းသည် သူ၏အစားအစာပင်ဖြစ်နေပါသည်။

ခရစ်တော်သည် ဤရှုထောင့်မှနေ၍လည်း မြန်မြန်လာနေပါသည်၊– သူသည် ကမ္ဘာ့သမိုင်းအဆုံးသတ်တွင်လာမည်ဖြစ်သည်၊ ကမ္ဘာ့သမိုင်းသည် ဘုရားသခင်၏ထာဝရနှစ်များနှင့်နှိုင်းယှဉ်လျှင် သိပ်မကြာလှပါ။ ဘုရားမဲ့ဝါဒီများက အတိတ်တွင်လည်း နှစ်သန်းပေါင်းထောင်ချီ၍၊ အနာဂတ်တွင်လည်း နှစ်သန်းပေါင်းထောင်ချီ၍ဟု ပြောနေကြသော်လည်း၊ ကမ္ဘာ့သမိုင်းမှတ်တမ်းမှာ နှစ်ထောင်ပေါင်း အနည်းငယ်လေးသာဖြစ်သည်ကို အားလုံးသိကြပါသည်။

နောက်ဆုံးအနေနှင့်၊ ခရစ်တော်မြန်မြန်လာမည်ဆိုခြင်းမှာ လူဆိုးလူယုတ်တို့အတွက် ဖြစ်ပါသည်၊ သူတို့၏ဆိုးညစ်သောဒီဇိုင်းအားလုံးကို လုပ်ကိုင်မပြီးမှီပြန်လာပါမည်၊ ထို့ကြောင့် လူဆိုးတို့အတွက် လုပ်ချင်သည်ကို ပြီးအောင်မလုပ်လိုက်ရခင် ခရစ်တော်ပြန်လာမည်ဖြစ်၍၊ သူတို့က "သိပ်မြန်လွန်းတယ်ကွာ"ဟုပြောကြမည်ဖြစ်သည်။ သမိုင်းကြောင်းတလျှောက်တွင်လည်း ထိုသို့ပင် သူတို့၏လုပ်ငန်းစဉ်များကို အမြဲအတားခံကြရပါသည်၊ သူတို့၏ရည်ရွယ်ချက်များသည် ဘုရားသခင်၏လာရောက်တရားစီရင်မှုဖြင့် အမြဲပျက်ဆီးလေ့ရှိပါသည်။ ထိုသို့ပင် သမိုင်း၏နိဂုံးအဆုံးသတ်တွင်လည်း ဖြစ်ပါဦးမည်။

သူ၏ပြန်လာခြင်း မည်သည့်အခါတွင်မျှ ကျွန်တော်တို့အတွက် "သိပ်မြန်လွန်းတယ်ကွာ"မဖြစ်ပါစေနှင့်!

## ခရစ်တော်လာခြင်း၏အံ့သြစရာများအကြောင်း(The Wonder of Christ's Coming)

ခရစ်တော် ကမ္ဘာ့အဆုံးသတ်တွင်လာခြင်းသည် အံ့သြဖွယ်၊ ထူးဆန်းလှသည်ကို ကျွန်တော်တို့ ဘယ်တော့မှမမေ့သင့်ကြ ပါ။ ထိုအဖြစ်အပျက်သည် ဤကမ္ဘာကြီးက နောက်ဆုံးတွေ့မြင်ရမည့်အဖြစ်အပျက်ဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင်က လုပ်သောအရာဖြစ်သည်၊ ကျွန်တော်တို့မျက်စိများအတွက် အံ့သြစရာကောင်းလွန်းလှပါမည်၊ ကျွန်တော်တို့၏နားလည်နိုင်စွမ်းဆင့်ထက်မြင့်မားသောအရာဖြစ်ပါမည်။ အမှန်ပြောရလျှင်၊ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပါဝင်သမျှသောအကြောင်းရာအားလုံးတို့သည် ဘုရားသခင်၏ အံ့သြဖွယ်ရာအလုပ်များချည်း ဖြစ်ပါသည်။

ခရစ်တော်လာခြင်း၏နိမိတ်လက္ခဏာများ၊– လူသေတို့ထမြောက်ခြင်း၊ ခရစ်တော်ထံ၌အတူရှိကြရန် သန့်ရှင်းသူတို့ကို ချီဆောင်သွားခြင်း၊ ကမ္ဘာဟောင်းနှင့်ကောင်းကင်ဟောင်းကို မီးဖြင့် ဖျက်ဆီးပစ်လိုက်ခြင်း၊ နောက်ဆုံးတရားစီရင်ခြင်း၊ ယုံကြည်သူတို့ကို ဘုန်းကျက်သရေနှင့်ပြည့်ဝစေခြင်း–၊ စသည်တို့သည် သဘာဝဆိုသောစကားလုံးနှင့်၎င်း၊ ကမ္ဘာကြီးအသုံးပြုသောစကားလုံးတို့နှင့်၎င်း မည်သို့မျှရှင်းပြ၍ မဖြစ်နိုင်သည်ချည်းဖြစ်ပါသည်။ ၎င်းတို့သည် သဘာဝလွန်အဖြစ်အပျက်များ၌ပါဝင်ပါသည်၊ ထို့ကြောင့် ယုံကြည်ခြင်းဖြင့်သာ လက်ခံ၍ရပါသည်။

ခရစ်တော်၏လာခြင်းသည် ထို့အတူပင်ဖြစ်ပါသည်ဟု ရှင်းနေအောင်ပြောပြသောကျမ်းပိုဒ်များ ရှိပါသည်။ ဥပမာ ဗျာ ၁း၇ က ခရစ်တော်ပြန်လာခြင်းကို "အားလုံးကတွေ့ရမည်၊ သူ့ကို လှံနှင့်ထိုးသူများကလည်း တွေ့ကြရမည်"ဟုပြောသည်(မဿဲ ၂၄း၂၇–၃၀ တွင်လည်းတွေ့နိုင်သည်)။ ထိုအချက်ကပြောသည်မှာ ခရစ်တော်ပြန်လာချိန်တွင် သေပြီးသူအားလုံး ထမြောက်ကြပြီးဖြစ်နေပြီဆိုသည့်အချက်ဖြစ်သည်၊ ထို့အပြင် ခရစ်တော်၏လာခြင်းသည် ဘုရားသခင်လုပ်သောအံ့သြဖွယ်ဖြစ်သည်ဟုလည်း ဆက်ပြောပါသည်။

လူအားလုံးက သူ့ကိုတချိန်တည်းတွင် မည်သို့တွေ့နိုင်မည်နည်း? မဖြစ်နိုင်သောကိစ္စဖြစ်သည်၊ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်က အမှန်ကိုပြောနေကြောင်း ကျွန်တော်တို့ သံသယမဖြစ်ကြပါ။ အမှန်ပင် သူ့ကို လူတိုင်းကတွေ့ရပါမည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် ဘုရားသခင်၏ဖွင့်ပြချက်အနေနှင့်လာသောကြောင့်ဖြစ်သည်၊ ကယ်တင်ခြင်းအတွက်ဖြစ်သလို၊ တရားစီရင်ရန်အတွက်လည်းဖြစ်ပါသည်။ ဖန်ဆင်းထားသောသူအားလုံးတယောက်မကျန်၊ သေသူ ရှင်သူ အားလုံး၊ သူနှင့်ပတ်သက်၍ ကယ်တင်ခြင်းရသော သူရကြလျှက်၊ အပြစ်ဒဏ်ပေးခြင်းခံရသူများခံကြရလျှက် ဖြစ်ပါသည်။

ခရစ်တော်၏လာခြင်းသည် အံ့သြဖွယ်၊ ဘုရားသခင့်တန်ခိုးကြီးလှခြင်းဖြင့် လုပ်သောအလုပ်ဖြစ်ကြောင်း ဖေါ်ပြသည့်နောက်ကျမ်းပိုဒ်တခုမှာ ၂သက် ၂း၈ ဖြစ်သည်။ ထိုကျမ်းပိုဒ်က "အဓမ္မလူ(အပြစ်လူသား)"သည် ခရစ်တော်ပြန်လာခြင်းအလင်းရောင်ဖြင့် ချေမှုန်းခြင်းခံရမည်ဟုပြောပါသည်။ မည်သို့ဖြစ်မည်နည်းကို နားလည်ရခက်ပါသည်၊ သို့သော် ၎င်းကသတိရစေသည်မှာ ခရစ်တော်၏ပြန်လာခြင်းသည် သာမာန်ဖြစ်ရပ်မဟုတ်ကြောင်းကိုဖြစ်ပါသည်။

ခရစ်တော်၏လာခြင်းသည် ကျွန်တော်တို့မျှော်လင့်ချက်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့လည်း သူ၏တရားစီရင်ခြင်းရှေ့တွင် ရပ်လျှက် မိမိတို့အလုပ်များအတွက် စစ်ဆေးခြင်းခံကြရဦးဖြစ်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုအချိန်တွင် ခရစ်တော်သည် ကျွန်တော်တို့အနားတွင်ရှိနေပါမည်။ သူသည် ကျွန်တော်တို့၏တရားသူကြီးဖြစ်ပါမည်။ ထို့အတွက် တရားစီရင်ခြင်းခံရဦးမည်ဟုတွေးခြင်းကပင် ကျွန်တော်တို့၏ သူ့ထံ၌ရှိကြသော အံ့သြစရာထိုမျှော်လင့်ခြင်းကို မဖျက်ဆီးပစ်နိုင်ပါ။ ထိုတရားစီရင်ခြင်းအထဲ၌ ကျွန်တော်တို့ကယ်တင်ခြင်းခံကြရမည်ဖြစ်ခြင်းသည် သူလုပ်ပေးသောကယ်တင်ခြင်း၏ အစိတ်အပိုင်းတခုပင်ဖြစ်ပါသည်။

ထို့ကြောင့် ထိုလာခြင်းအတွက်ကိုပင် ကျွန်တော်တို့ စောင့်နေကြသည်၊ စောင့်ကြည့်နေကြသည်၊ မျှော်လင့်နေကြပါသည်။ ယုံကြည်သူတို့အနေနှင့် ကျွန်တော်တို့၏ဘဝများအားလုံးကို ထို့ရှုထောင့်မှပြောလျှင်ရပါမည်၊– ခရစ်ယာန်ဘဝ၏ ရည်မှန်းချက်၊ ရည် ရွယ်ချက်သည် ယေရှုခရစ်ပြန်လာခြင်းပင်ဖြစ်ပါသည်။ ထို့ထက်ပို၍အရေးကြီးသောအကြောင်းအရာ ကျွန်တော်တို့ဘဝများတွင် ဘာတခုမှ မရှိပါ။

ခရစ်တော်၏လာခြင်းသည် အံ့သြစရာကောင်းသော၊ ထူးချားလှသော ကယ်တင်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတခုဖြစ်ပါသည်ဆိုသည့်အကြောင်းကို အထက်ကအကြောင်းအရာများက ပြောပြနေကြပါသည်။ သမိုင်းအစမှနေ၍ ဘုရားသခင်သည် မိမိကိုယ်ကို တပါးတည်းသောကယ်တင်ရှင်အဖြစ် ဖေါ်ပြပါသည်။ ထိုသို့ဖြင့် သူသည် လူသား၏တွေးခေါ်နိုင်စွမ်းထက်ကျော်လွန်သော၊ လူသား၏လုပ်နိုင်စွမ်းထက်ကျော်လွန်သော အကြောင်းအရာများကို ကျွန်တော်တို့အတွက် လုပ်ပေးတော်မူပါသည်။ သူသည် ကျွန်တော်တို့ကို ယေရှုခရစ်တော်၌ အံ့သြစရာကျေးဇူးတော်ဖြင့် ကယ်တင်ပါသည်။ ခရစ်တော်၏ပြန်လာခြင်းသည် ထို ကြီးကျယ်လှသော အံ့သြဖွယ်ရာ ကျေးဇူးတော်နှင့်ဂရုဏာတော်ကို နောက်ဆုံးဖွင့်ပြတော်မူခြင်းပင်ဖြစ်ပါတော့သည်။

## နှစ်တထောင်အကြောင်း(The Millennium)

ခရစ်တော်ပြန်လာခြင်းနှင့်ပတ်သက်၍ ကျမ်းစာ၏သင်ပေးမှုအရ ဖြစ်ပေါ်လာသောမေးခွန်းမှာ၊– "မည်သည့်အချိန်တွင်၊ မည်ကဲ့သို့ လာမည်နည်း?"ဖြစ်ပါသည်။ ထိုမေးခွန်းကိုအဖြေပေးရင်းနှင့် ယခုတွင် ဗျာဒိတ်ကျမ်း(၂၀)၏ "နှစ်တထောင်" (မီလေးနီး ယမ်း) ခေါင်းစဉ်သို့ ရောက်လာပြီဖြစ်သည်။ မီလေးနီးယမ်း = နှစ်တထောင်ကာလနှင့်ပတ်သက်၍

ခြားနားသောအမြင်များမှာ – ပရီ မီလေးနီးယမ်၊ ပို့စ်မီလေးနီးယမ်၊ အာမီလေးနီးယမ်း – တို့ဖြစ်ပါသည်။ အားလုံးက ခရစ်တော်ပြန်လာခြင်း၏ အချိန်နှင့်ပုံစံတို့ကို ပြောဆို ကြခြင်းဖြစ်ပါသည်။

ရှုထောင့်တစုမှကြည့်လျှင် ထိုမျှ ကျမ်းစာက နည်းပါးလွန်းစွာဖေါ်ပြသောအချက်သည် ခရစ်ယာန်တို့အကြား ကြီးစွာအငြင်းပွားမှုနှင့်သဘာမတူညီမှုများကို ဖြစ်စေနေသည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။ နှစ်တထောင် ဆိုသော မီလေးနီးယမ်းအကြောင်းကို ကျမ်းစာတွင် ဗျာဒိတ်ကျမ်း၏ အခန်းကြီးတခုတွင်သာ ဖေါ်ပြထားပါသည်၊ ထို့အပြင် ဗျာဒိတ်ကျမ်းဆိုသည်မှာလည်း နိမိတ်သင်္ကေတပုံဆောင်ချက်များအပြည့်နှင့် အတော်အနက်ဖွင့်ရခက်ခဲသောကျမ်းလည်း ဖြစ်နေပြန်ပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ နှစ်တထောင်ကာလနှင့်ပတ်သက်၍ ခြားနားသောအမြင်များရှိနေကြခြင်းသည် အရေးကြီးလှပါသည်၊ ၄င်းတို့သည် ဘာမှမဟုတ်သော အရာများဖြစ်သည်ဟု ဘယ်တော့မှမပြောသင့်ပါ။ ခရစ်တော်ပြန်လာခြင်း၏ အချိန်နှင့်ပုံစံသည် အလွန်အရေးကြီးပါသည်။

မီလေးနီးယမ်း/နှစ်တထောင်ကာလနှင့်ပတ်သက်သည် ခြားနားသောအမြင်များက ခရစ်တော်၏နိုင်ငံတော်သည် မည်သည့်သဘောသဘာဝရှိသနည်း?ဆိုသည့် မေးခွန်းများကို ဖြစ်ပေါ်လာစေပါသည်။ ခရစ်တော်၏နိုင်ငံတော်သည် ကမ္ဘာမြေနှင့်သာဆိုင်သလော၊ ကောင်းကင်နှင့်သာဆိုင်သလော?၊ ယခုမျက်မှောက်ချိန်၌ရှိနေပြီလော၊ အနာဂတ်မှဖြစ်လာမည်လော?၊ ဂျူးတို့၏ နိုင်ငံဖြစ်သလော၊ (သို့) ခရစ်ယာန်တို့၏နိုင်ငံဖြစ်သလော?။ ထိုမေးခွန်းများသည် အတော်လေးနက်သောမေးခွန်းများဖြစ်ကြပါသည်။ ဘုရားသခင်က နိုင်ငံတော်ကိုရှာပါဟု ကျွန်တော်တို့ကို တာဝန်ပေးထားပါသည်၊ နိုင်ငံတော်ရောက်လာရန် ဆုတောင်းကြပါဟု မှာထားပါသည်၊ ထို့ကြောင့် ကျွန်တော်တို့ ဘာကိုရှာကြပါသနည်း?ဆိုသည်ကိုသိဖို့ အလွန်အရေးကြီးပါသည်၊ သို့မှသာ ကျွန်တော်တို့ထံပေးထားသောတာဝန်များကို ကျေပြွန်နိုင်ကြပါမည်။

ထို့ကြောင့် မီလေးနီယမ်း/နှစ်တထောင်အကြောင်းကို ကျွန်တော်တို့က အရေးမကြီးဟု ဘယ်တော့မှမပြောကြပါ။ ထိုနှစ်တထောင်အကြောင်းခြားနားသောအမြင်များကို ပထမရှင်းပြမည်၊ ထို့နောက် ကျမ်းစာကဘာကိုသင်ပေးသဖြင့် ဘာကိုသာယုံကြည်သင့်သည်ဆိုသည်ကို ဆက်ပြောပါမည်။ ထိုသို့ပြုကြသည့်အခါ၊ ခရစ်ယာန်များအကြား ပို၍ကွဲပြားမှုများဖြစ်ကြရန်မရည်ရွယ်ပါ၊ ကျွန်တော်တို့နှင့်မတူသောအမြင် ရှိသူတို့အား စိတ်နာစေရန်လည်းမရည်ရွယ်ပါ၊ ထိုမှဆန့်ကျင်စွာ ကျမ်းစာက ဘာကိုသင်ပေးသနည်း၊ အဘယ့်ကြောင့်သင်ပေးသနည်း?ဆိုသည်ကို တင်ပြရန်သာဖြစ်ပါသည်။

မီလေးနီးယမ်းဆိုသောစကားလုံး၏အဓိပ္ပါယ်မှာ "နှစ်ပေါင်းတထောင်"ဖြစ်ပါသည်။ ဗျာဒိတ်ကျမ်း(၂၀)တွင် (၆)ကြိမ်ဖေါ်ပြထားခြင်းကို ရည်ညွှန်းပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အရ ထိုနှစ်တထောင်အချိန်ကာလအတွင်းတွင် စာတန်ကို တုတ်နှောင်မည်၊ ပထမထမြောက်ခြင်းတွင်ပါဝင်သောသူတို့ အသက်ရှင်လျှက် ခရစ်တော်နှင့်အတူ အုပ်စိုးကြမည်။ ထိုနှစ်တထောင်ကာလ အဆုံးသတ်သောအခါ၊ စာတန့်ကို ခဏပြန်လွှတ်မည်၊ လွှတ်သည်နှင့်သူက ကမ္ဘာ့နိုင်ငံများကို လိမ်ညာမည်၊ ထိုကမ္ဘာ့နိုင်ငံများ ကို စုစည်းလျှက် ချစ်လှစွာသောမြို့တော်ကြီးကို စစ်ဆင်နွှဲမည်။ ထိုအချက်များသည် ဗျာ(၂၀)အရ ရှင်းနေပါသည်။ သို့သော် ထိုအချက်များက ဘာကိုဆိုလိုကြသနည်းဆိုသည့်နေရာတွင် အကြီးအကျယ် ငြင်းခုံနေကြခြင်းဖြစ်သည်။

တချို့က နှစ်ပေါင်းတထောင်ကာလကြီးအပါအဝင်၊ ထိုအဖြစ်အပျက်များ အနာဂတ်တွင်ဖြစ်ကြမည်ဟု ယုံကြသည်(ပရီမီလေးနီးယမ်းဝါဒ)။ အချို့က ထိုနှစ်တထောင်ကာလကြီးသည် စတင်နေပြီးဖြစ်သည်၊ ကျွန်တော်တို့အားလုံးသည် နှစ်တထောင်ကာလကြီးက ဖေါ်ပြသောအခြေအနေများအားလုံးထဲတွင် ရှိနေကြပြီဟု ယုံကြည်သည် (အာမီလေးနီးယမ်းဝါဒ)။ နောက်တအုပ်စုကမူ၊ ထိုနှစ်တထောင်ကာလကြီးသည် စတင်နေပြီဖြစ်သော်လည်း၊ တကယ့်ပြည့်စုံခြင်းသည် အနာဂတ်တွင်ပင်ရှိနေသေးသည်၊ အနာဂတ်တွင် အသင်းတော်သည် ပြော၍ပင်မရနိုင်သော ငြိမ်းချမ်းရေး၊ ကောင်းချီးမင်္ဂလာများ၊ တိုးတက်ကြွယ်ဝခြင်းများကို ခံစားရဦးမည်ဟု ယုံကြသည် (ပို့စ်မီလေးနီးယမ်းဝါဒ)။

ပရီမီလေးနီးယမ်းဝါဒီများက ခရစ်တော်သည် နှစ်တထောင်ကာလမတိုင်မှ ပြန်လာမည်ဟု ယုံကြသည်။ အနာဂတ်တွင် ခရစ်တော်သည် တကြိမ်မကပြန်လာမည်ဟု သင်ကြသည်။ ပို့စ်မီလေးနီးယမ်းဝါဒီတို့က ခရစ်တော်သည် နှစ်ပေါင်းတထောင်ကာလနောက်တွင် ပြန်လာမည်ဟုသင်ကြသည်၊ ခရစ်တော် တကြိမ်သာပြန်လာမည်ဟု သင်ကြသည်။ ပို့စ်မီလေးနီးယမ်းဝါဒီတို့နှင့်တူညီစွာ အာမီလေးနီးယမ်းဝါဒီတို့က ခရစ်တော်သည် တကြိမ်သာပြန်လာမည်၊ နှစ်တထောင်ကာလနောက်တွင် ပြန်လာမည်ဟု ယုံကြည်သည်။ အာမီလေးနီးယမ်းတို့ကမူ ခြားနားစွာ နှစ်ထောင်ကာလကို ပုံဆောင်ချက်ဟု ယုံကြည်ကြသည်။ နှစ်တထောင်ကာလသည် ဓမ္မဂေလိနှစ်တခုလုံးဖြစ်သည်၊ ခရစ်တော်အသေခံချိန်မှစတင်သည်ဟု ယုံကြည်ကြသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++

သုတ္တံ ၁၃း၁–၂၅ (ဂျိမ်းဘုရင်မူ)

၁ – ပညာရှိသောသားသည် သူ့ဖခင်၏သွန်သင်ခြင်းကို နားထောင်ပါသည်၊ သို့သော် အထင်အမြင်သေးသူကမူ ဆုံးမခြင်းကို နားမထောင်ပါ။

၂ – လူသည် မိမိနှုတ်ခမ်းအသီးအပွင့်ဖြင့် ကောင်းခြင်းကို စားရပါမည်၊ သို့သော် အပြစ်ကျူးလွန်သူ၏ဝိညာဉ်ကမူ ရက်စက်ကြမ်းကြုတ်မှုကို စားရပါမည်။

၃ – မိမိ၏နှုတ်ကို စောင့်ထိန်းသူသည် မိမိအသက်ကို စောင့်ထိန်းသူဖြစ်သည်၊ သို့သော် မိမိနှုတ်ခမ်းတို့ကို ကျယ်ကျယ်ဖွင့်သူသည် ပျက်စီးရလိမ့်မည်ဖြစ်သည်။

၄ – ပျင်းရိသူ၏ဝိညာဉ်က တောင့်တတတ်ပါသည်၊ ထို့နောက် ဘာမှမရပါ၊ သို့သော် လုံ့လဝီရိယရှိသူ၏ဝိညာဉ်မှာမူ ဆူဖြိုးနေမည်ဖြစ်သည်။
၅ – ဖြောင့်မတ်သူသည် လိမ်ညာခြင်းကို မုန်းတီးသည်၊ သို့သော် ဆိုးယုတ်မှာမူ ရွံစရာကောင်းပါသည်၊ ထို့နောက် အရှက်ကွဲမည်ဖြစ်သည်။
၆ – ဖြောင့်မတ်ခြင်းက မိမိလမ်းတွင်ဖြောင့်မှန်သူကို စောင့်ရှောက်ပါသည်၊ သို့သော် ဆိုးယုတ်ခြင်းက အပြစ်သားကို မှောက်လှန်ပစ်ပါသည်။
၇ – မိမိကိုယ်ကို ချမ်းသာသလိုလုပ်နေသော်လည်း၊ ဘာမှမရှိသူ ရှိပါသည်၊ မိမိကိုယ်ကို ဆင်းရဲသလိုလုပ်နေသော်လည်း၊ ကြီးသောချမ်းသာခြင်းရှိသူလည်း ရှိနေပါသည်။
၈ – လူတဦး၏အသက်အတွက် ရွေးရသောတန်ဖိုးသည် သူ၏ချမ်းသာသမျှအားလုံးဖြစ်ပါသည်၊ သို့သော် ဆင်းရဲသားမှာမူ ဆုံးမခြင်းကို မကြားရပါ။
၉ – ဖြောင့်မတ်သူ၏အလင်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပါသည်၊ သို့သော် ဆိုးယုတ်သူ၏မီးအိမ်မှာမူ ငြိမ်းသွားမည်ဖြစ်သည်။
၁၀ – မာနကြီးခြင်းဖြင့်သာ အချေအတင်ငြင်းခုံခြင်း ရောက်လာပါသည်၊ သို့သော် ကောင်းသောအကြံပေးခြင်းနှင့်အတူ ဉာဏ်ပညာရှိနေပါသည်။
၁၁ – အချည်းနှီးမဲ့မှုနှင့်ရသောကြွယ်ဝခြင်းသည် လျော့နည်းသွားမည်ဖြစ်သည်၊ သို့သော် အလုပ်လုပ်ခြင်းဖြင့် စုသိမ်းသူသည် ပို၍ကြွယ်ဝလာမည်ဖြစ်ပါသည်။
၁၂ – နှောင့်နှေးခြင်းခံရသောမျှော်လင့်ခြင်းက နှလုံးသားကို ဖျားနာစေပါသည်၊ သို့သော် လိုချင်သောအရာရောက်လာသောအခါ၊ ၎င်းသည် အသက်၏သစ်ပင် ဖြစ်ပါသည်။
၁၃ – နှုတ်ကပတ်တော်ကို အထင်သေးသူတိုင်း ခြေမှုန်းခြင်းကိုခံရလိမ့်မည်၊ သို့သော် ပညတ်တော်တို့ကို ကြောက်ရွံ့ရိုသေသူသည် ကောင်းစွာဆုချခြင်းခံရပါမည်။
၁၄ – ပညာရှိသူ၏ဥပဒေသသည် အသက်၏စမ်းရေပေါက်ဖြစ်သည်၊ သေခြင်း၏ကျော့ကွင်းတို့မှ သွေဖည်ရာဖြစ်ပါသည်။
၁၅ – ကောင်းသောနားလည်ခြင်းက မျက်နှာသာပေးခြင်းကို ဖြစ်စေပါသည်၊ သို့သော် အပြစ်ကျူးလွန်သူတို့၏လမ်းသည် ခက်ခဲပါမည်။
၁၆ – ပညာရှိသောသူတိုင်က အသိပညာနှင့်ဆက်ဆံကိုင်တွယ်ကြသည်၊ သို့သော် လူမိုက်ကမူ သူ၏မိုက်မဲခြင်းကို ဘွင်းဘွင်းချပြပါသည်။
၁၇ – ဆိုးညစ်သောသတင်းပို့သူသည် ဒုက္ခရောက်ခြင်းထဲသို့ ကျရောက်တတ်သည်၊ သို့သော် သစ္စာရှိသောသံအမတ်သည် ကျန်းမာခြင်းဖြစ်သည်။
၁၈ – ဆင်းရဲခြင်းနှင့်အရှက်ကွဲခြင်းသည် သွန်သင်ခြင်းကို ငြင်းပယ်သူထံ ရောက်လာလိမ့်မည်၊ သို့သော် ဆုံးမလမ်းပြခြင်းကို ဂရုစိုက်သူသည် ရိုသေခြင်းကိုခံရပါမည်။
၁၉ – ပြီးမြောက်ပြည့်စုံသောလိုအင်ဆန္ဒသည် ဝိညာဉ်အတွက် ချိုမြိန်လှပါသည်၊ သို့သော် လူမိုက်တို့အတွက်မူ ဆိုးညစ်ခြင်းမှ ဖယ်ခွာခြင်းသည် ရွံမုန်းစရာဖြစ်နေပါသည်။
၂၀ – ပညာရှိတို့နှင့်သွားလာသူသည် ပညာရှိလာပါမည်၊ သို့သော် လူမိုက်တို့နှင့်ပေါင်းဖေါ်သူမှာမူ ဖျက်ဆီးခံရလိမ့်မည်။
၂၁ – ဆိုးညစ်ခြင်းက အပြစ်သားတို့နောက်သို့ လိုက်နေပါသည်၊ သို့သော် ဖြောင့်မတ်သူထံ ကောင်းမြတ်ခြင်းကို ပေးဆပ်လိမ့်မည်။
၂၂ – ကောင်းသောသူသည် သူ၏သားသမီးတို့၏သားသမီးတို့ထံ အမွေကိုချန်ထားခဲ့သည်၊ အပြစ်သား၏ကြွယ်ဝခြင်းတို့ကို ဖြောင့်မတ်သူအတွက် သိုမှီးထားပါသည်။
၂၃ – အစားအစာအမြောက်အများသည် ဆင်းရဲသူ၏ထွန်ယက်ထားသောမြေတွင် ရှိပါသည်၊ သို့သော် စီရင်တတ်မှုလိုအပ်သောကြောင့် ဖျက်ဆီးခြင်းခံရခြင်းသည် ရှိနေပါသည်။
၂၄ – မိမိ၏တုတ်ကို ညှာသောသူသည် မိမိသားကို မုန်းသူဖြစ်သည်၊ သို့သော် သားကိုချစ်သောသူသည် အချိန်မှီ သူ့ကို ဆုံးမအပြစ်ပေးတတ်ပါသည်။
၂၅ – ဖြောင့်မတ်သူသည် မိမိဝိညာဉ်ကျေနပ်အားရမှုရှိခြင်းသို့ စားသောက်ပါသည်၊ သို့သော် ဆိုးညစ်သူ၏ဝမ်းမှာမူ မပြည့်မစုံချို့တဲ့နေပါလိမ့်မည်။

××××××××××××××××××××××××

ဖိလိပ္ပိ ၁း၁–၃၀ (ကျိန်းဘုရင်မှု)
၁ – ယေရှုခရစ်၏ အစေခံများဖြစ်ကြသော ပေါလ်နှင့်တိမောသေတို့က ဖိလစ်ပိုင်မြို့၌ရှိကြသော သင်အုပ်များနှင့်သင်းထောက်များအပါအဝင် သန့်ရှင်းသူတို့ထံ၊ ရေးလိုက်ပါသည်၊
၂ – ငါတို့၏ဖခင် ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်းချမ်းခြင်းသည် သင်တို့ထံ၌ ရှိပါစေသတည်း။
၃ – သင်တို့အား မှတ်မိသတိရခြင်းတိုင်းအတွက် ငါသည် ငါ၏ဘုရားသခင်ထံ ကျေးဇူးတင်နေမိပါသည်၊
၄ – ငါ၏ဆုတောင်းခြင်းတိုင်းတွင် သင်တို့အတွက် အမြဲတမ်း ဝမ်းမြောက်ခြင်းနှင့် တောင်းလျှောက်ပေးပါသည်၊

၅ – အဘယ့်ကြောင့်ဆိုသော် အစပထမနေ့မှ ယနေ့တိုင်အောင် သင်တို့ထားရှိသော ဧဝံဂေလိတရားအားဖြင့် မိတ်သဟာယဖွဲ့ခြင်းအတွက်ဖြစ်သည်၊

၆ – သင်တို့ထဲ၌ ကောင်းသောအလုပ်ကို စတင်ပေးသူသည် ထိုကောင်းသောအလုပ်ကို သင်တို့ထဲ၌ ယေရှုခရစ်၏နေ့ရက်တိုင်အောင် ပြုလုပ်ပါလိမ့်မည်ဆိုသော ယုံကြည်စိတ်ချမှုနှင့် ဆုတောင်းခြင်းဖြစ်သည်၊

၇ – သင်တို့နှင့်ပတ်သက်၍ထိုသို့တွေးတောခြင်းသည် ငါ့အဖို့ သင့်တော်လှပါသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့ကို ငါ့နှလုံးသားထဲ၌ အမြဲထားရှိ၍ဖြစ်သည်၊ ငါ၏ချည်နှောင်ခံရခြင်းထဲတွင်လည်း ထိုသို့ပင်ဖြစ်ပါသည်၊ ဧဝံဂေလိတရားအား ခုခံကာကွယ်ခြင်း၊ အတည်ပြုပေးခြင်းတို့၌လည်း ဖြစ်ပါသည်၊ သင်တို့အားလုံးသည် ငါ၏ကျေးဇူးတော်ကို ပါဝင်ဆက်ဆံကြသူများ ဖြစ်ကြပါသည်။

၈ – ယေရှုခရစ်တော်၏ချစ်ခြင်းဖြင့် ငါ သင်တို့အားလုံးကို မည်မျှလွမ်းကြောင်း၊ ဘုရားသခင်သည် ငါ့မှတ်တမ်းဖြစ်သည်။

၉ – သင်တို့၏ချစ်ခြင်းသည် အသိပညာနှင့်အားလုံးသောစိရင်ဆုံးဖြတ်ခြင်းတို့၌ ပို၍ပို၍ တိုးပွားကြပါစေ၊

၁၀ – ထိုသို့ဖြင့် သင်တို့သည် ကောင်းမြတ်သောအရာများကို သေချာသိကြပါမည်၊ ရိုးသားကြပါမည်၊ ခရစ်တော်၏နေ့ရက်တိုင်အောင် မျက်စိစပါးမွေးစူးစရာမဖြစ်ဘဲနေကြပါမည်၊

၁၁ – ဘုရားသခင်အားချီးမွမ်းဖို့နှင့် သူ၏ဘုန်းတော်ထင်ရှားစေဖို့ ခရစ်တော်အားဖြင့်ရရှိသော ဖြောင့်မတ်ခြင်း၏ အသီးအပွင့်တို့နှင့် ပြည့်ကြပါစေဟု ငါဆုတောင်းပါသည်။

၁၂ – သို့သော် ညီအကိုတို့ သင်တို့ကို ငါ နားလည်စေချင်သည်မှာ၊ ငါ့အပေါ် ကျရောက်လာသော အဖြစ်အပျက်တို့သည် အခြားကြောင့်မဟုတ်၊ ဧဝံဂေလိတရား ပို၍ဝေးလံစွာရောက်ရှိသွားဖို့ ရောက်လာကြခြင်းဖြစ်သည် ဆိုသည့်အကြောင်းကိုဖြစ်ပါသည်။

၁၂ – ထို့ကြောင့် ခရစ်တော်၌ ငါခံရသော တုတ်နှောင်ခြင်းတို့က နန်းတော်တွင်၎င်း၊ အခြားနေရာအားလုံးတွင်၎င်း ထင်ရှားနေပါသည်၊

၁၄ – သခင်ဘုရား၌ရှိသော ညီအကိုအများတို့လည်း ငါ၏တုတ်နှောင်ခံရခြင်းကြောင့် ပို၍ယုံကြည်စိတ်ချမှုကို ရရှိကြပါသည်၊ နှုတ်ကပတ်တော်ကို ကြောက်ရွံ့ခြင်းမရှိဘဲ ပို၍ရဲရင့်စွာ ပြောဆိုရဲကြပါသည်။

၁၅ – အချို့တို့သည် ခရစ်တော်အကြောင်းကို ဟောကြားကြသည့်အခါ၊ မနာလိုခြင်းနှင့် ရန်ဖြစ်လိုခြင်းကြောင့် ဟောပြောတတ်ကြသည်မှာ အမှန်ဖြစ်သည်၊ အချို့တို့ကမူ ကောင်းသောအလိုဆန္ဒနှင့် ဟောပြောတတ်ကြပါသည်၊

၁၆ – တဦးက ခရစ်တော်အကြောင်းကို ငြင်းခုံရန်ဖြစ်လိုခြင်းနှင့် မရိုးသားစွာ ဟောပြောတတ်ပါသည်၊ ငါ၏တုတ်နှောင်ခံရခြင်းများတွင် ပို၍ဒုက္ခရောက်စေရန် ရည်ရွယ်လျှက် ပြုခြင်းဖြစ်သည်၊

၁၇ – သို့သော် အခြားတဦးကမူ ချစ်ခြင်းဖြင့်ဟောကြားပါသည်၊ ငါသည် ဧဝံဂေလိတရားကိုခုခံခြင်းကြောင့် ယျှလိုဖြစ်ရသည်ကို သိလျှက်ပြုခြင်းဖြစ်သည်။

၁၈ – ထို့အတွက် ဘာကိုပြောရမည်နည်း? မည်သို့ပင်ဖြစ်ပါစေ၊ နည်းလမ်းအားလုံးဖြင့်၊ ဟန်ဆောင်၍ဖြစ်စေ၊ အမှန်တရား၌ဖြစ်စေ၊ ခရစ်တော်ကို ဟောပြောကြသည်ချည်းသာဖြစ်ပါသည်၊ ထို့ကြောင့် ငါသည် ၎င်းတို့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်၊ မှန်သည်၊ နောင်တွင်လည်း ဝမ်းမြောက်ဦးမည်သာဖြစ်ပါသည်။

၁၉ – အဘယ့်ကြောင့်ဆိုသော် ထိုအရာသည် သင်တို့၏ဆုတောင်းခြင်းအားဖြင့် ငါ၏ကယ်တင်ခြင်းနှင့် ယေရှုခရစ်၏ ဝိညာဉ်တော် ၏ ပံ့ပိုးကူညီပေးခြင်း ဖြစ်လာမည်ကို ငါသိနေပါသည်၊

၂၀ – ငါ၏ စိတ်အားထက်သန်လှသော တောင့်တခြင်းနှင့် မျှော်လင့်ခြင်းအရ၊ မည်သည့်အမှုကိစ္စတွင်မှ အရှက်ကွဲလိမ့်မည် မဟုတ်ပါ၊ သို့သော် အမြဲတမ်း ငါပြုသလို၊ အားလုံးသောရဲရင့်ခြင်းနှင့်၊ ယခုတွင်လည်း ခရစ်တော်သည် ငါ၏ကိုယ်ခန္ဓာအားဖြင့် ဘုန်းထင်ရှားမည်ဖြစ်ပါသည်၊ အသက်ရှင်ချိန်တွင်ဖြစ်စေ၊ (သို့) သေဆုံးလျှင်လည်းဖြစ်စေ ထိုသို့ပင်ဖြစ်ပါမည်။

၂၁ – အဘယ့်ကြောင့်ဆိုသော် ငါ့အတွက် အသက်ရှင်ခြင်းသည် ခရစ်တော်အတွက်ဖြစ်သည်၊ ထို့အတူ သေခြင်းသည်လည်းအောင်နိုင်ခြင်းဖြစ်ပါသည်။

၂၂ – သို့သော် အကယ်၍ အသွေးအသား၌ ငါရှင်နေသည်ဆိုလျှင်၊ ဆိုလိုသည်မှာ ငါ့အလုပ်ကြောင့် အသီးအပွင့်ရလာသည်ကို ပြောခြင်းဖြစ်သည်၊ ထိုသို့ဆိုလျှင် ဘာကိုရွေးရမည်ကို ငါမသိပါ။

၂၃ – ငါသည် ထိုအရာနှစ်ခုကြားတွင် ကျပ်တည်းစွာ ရောက်နေပါသည်၊ ခရစ်တော်နှင့်အတူရှိရန် ထွက်သွားဖို့ကိုလည်း လိုချင်လှပါသည်၊ ထိုအဖြစ်သည် ပို၍ကောင်းမြတ်လှပါသည်၊

၂၄ – မည်သို့ပင်ဖြစ်စေ၊ အသွေးအသားတွင်ဆက်နေခြင်းသည် သင်တို့အတွက် ပို၍လိုအပ်နေပြန်ပါသည်။

၂၅ – ထိုစိတ်ချနိုင်မှာခြင်းကိုရလျှက်၊ ငါသည် ဆက်လက်အသက်ရှင်မည်၊ သင်တို့ ပို၍တိုးတက်ဖို့နှင့် ယုံကြည်ခြင်း၏ ဝမ်းမြောက်ခြင်းအတွက် သင်တို့အားလုံးနှင့်အတူ ငါဆက်နေမည်ကို ငါသိနေပါသည်၊

၂၆ – ထိုသို့ဖြင့် သင်တို့၏ဝမ်းမြောက်ခြင်းသည်၊ ငါ သင်တို့ထံပြန်လာခြင်းဖြင့်၊ ယေရှုခရစ်တော်၌ ပိုမိုများပြားလာပါမည်။

၂၇ – သင်တို့၏ပြောဆိုဆက်ဆံခြင်းကို ခရစ်တော်၏ဧဝံဂေလိတရားနှင့် ကိုက်ညီစေကြပါ၊ သင်တို့ကို ငါလာကြည့်သည်ဖြစ်စေ၊ ငါမရှိချိန်တွင်ဖြစ်စေ၊ ငါသည် သင်တို့အမှုအရာများကို ကြားနိုင်မည်ဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့သည် ဝိညာဉ်တခုတွင် ခိုင်မာစွာ ရပ်တည်ကြပါ၊ စိတ်သဘောတခုနှင့် ဧဝံဂေလိတရား၏ယုံကြည်ခြင်းအတွက် အတူတကွ ကြိုးစားကြပါ၊

၂၈ – သင်တို့၏ရန်သူများက သင်တို့ကို မတုန်လှုပ်စေကြနှင့်၊ ၎င်းသည် သူတို့ အမှန်ပင် ပျက်ဆီးခြင်းသို့ ရောက်ကြမည်ကို သက်သေပြသည့် အမှတ်အသားဖြစ်ပါသည်၊ သို့သော် သင်တို့အတွက်မူ ၎င်းသည် ကယ်တင်ခြင်းအမှတ်အသားဖြစ်ပါသည်၊ ဘုရားသခင်ပေးခြင်းဖြစ်ပါသည်။

၂၉ – အဘယ့်ကြောင့်ဆိုသော် သင်တို့ထံသို့ ခရစ်တော်အတွက်ကြောင့်၊ သူ့အပေါ် ယုံကြည်နိုင်ခြင်းကိုသာ ပေးထားသည်မဟုတ်ပါ၊ သူ့အတွက် ဒုက္ခခံရခြင်းကိုလည်း ပေးအပ်ထားပါသည်၊

၃၀ – သင်တို့ ငါ့ထံတွင်မြင်ရသော တိုက်ပွဲနှင့်တပုံစံတည်သောတိုက်ပွဲကို သင်တို့တိုက်နေကြသည်ဖြစ်ရာ၊ သင်တို့ကြားသည်အတိုင်း ငါထံတွင် ရှိနေပါသည်။

++++++++++++++++++++++++++++

### သခင်ဘုရား၏နေ့ (၁၄)

၃၅။ "သူသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေယူ၍၊ အပျိုစင်စစ်မာရိအားဖြင့် ဖွားမြင်တော်မူသည်"ဆိုသော စကားစု၏ အဓိပ္ပါယ်ကားအဘယ်သို့နည်း?

ထာဝရဖြစ်သော၊ စစ်မှန်သော ဘုရားသခင်ဖြစ်သူ ဘုရားသခင်၏သားတော်၊ ထိုသို့ ဆက်၍ဖြစ်နေမည့် ဘုရားသခင်၏သားတော်သည်၊ မိမိကိုယ်ကိုအပေါ်သို့ စစ်မှန်သောလူသားဇာတိကို ယူတင်ဝတ်ဆောင်တော်မူသည်။ အပျိုစင်စစ်မာရိ၏ အသွေးနှင့်အသားမှဖြစ်သည်၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ပေးမှုအားဖြင့်ဖြစ်သည်။ ထို့သို့ဖြင့် သူသည် ဒါဝိတ်၏စစ်မှန်သောမျိုးစေ့ဖြစ်လာကာ၊ သူ၏ညီအကိုများနှင့် အပြစ်မှလွဲ၍ ကျန်အရာအားလုံး၌ တူညီလာမည်ဖြစ်သည်။

(ယော ၁း၁၊ ကော ၁း၁၅၊ ဆာလံ ၂း၇၊ ရော ၉း၅၊ ၁ယော ၅း၂၀၊ ယော ၁း၁၄၊ ဂလာ ၄း၄၊ မဿဲ ၁း၁၈၊ လု ၁း၃၅၊ ဆာလံ ၁၃၂း၂၊ တမန် ၂း၃၀၊ ရော ၁း၃၊ ဖိ ၂း၇၊ ဟေဗြဲ ၄း၁၅)

၃၆။ သခင်ခရစ်တော်၏ သန့်ရှင်းစွာပဋိသန္ဓေယူခြင်း၊ ဖွားမြင်ခြင်းတို့မှနေ၍ သင် မည်သည့်အကျိုးအမြတ် ရပါသနည်း?

သူသည် ကျွန်ုပ်တို့၏ကြားဝင်ဖြန်ဖြေပေးသူဖြစ်သည်။ သူ၏အပြစ်ကင်းခြင်း၊ ပြည့်စုံသောသန့်ရှင်းခြင်းဖြင့် ပဋိသန္ဓေယူစဉ်နှင့် မွေးဖွားစဉ်ကပင်ပါလာသော ကျွန်ုပ်၏အပြစ်များကို ဘုရားသခင်၏ရှေ့တော်မှောက်၌ ဖုံးအုပ်ပေးပါသည်။

(ဟေဗြဲ ၂း၁၆–၁၇၊ ဆာလံ ၃၂း၁၊ ၁ကော ၁း၃၀၊ ရော ၈း၃–၄)

××××××××××××××××××××××××××××××××××××××

### သူပါးတဆူဘုရားသခင်ပြောသည့်ပေါ်မြူလာဖြင့်
### ဘဝကိုသန့်ရှင်းစွာသုံးသော ခရစ်ယာန်တို့၏ကိုယ်ကျင့်တရားတည်ဆောက်ပုံ

**သတ္တမပညတ်တော် – သင်သည် ကာမပိုင်ရှိသူနှင့် မဖေါက်ပြန်ရ။**

➢ ဒီပညတ်တော်ဟာ အင်မတန်ကောင်းတဲ့ အပြုသဘောတွေပြည့်နေတဲ့ပညတ်တော်ပါဘဲ။ ဒီပညတ်တော်ကြောင့် မလိုအပ်သော ဘဝအမဲစက်တွေ ထင်မသွားအောင် ထိန်းသိမ်းနိုင်သလို၊ လူစင်မမှီအောင် ဖြစ်စေမဲ့၊ လူ့ဘဝကို သက်တမ်းပြည့်မနေထိုင်နိုင်အောင်၊ နေထိုင်နိုင်ခဲ့ရင်တောင် ကိုယ့်ပတ်ဝန်းကျင်ကို မျိုးစုံဒုက္ခပေးတဲ့သူတွေမဖြစ်ရအောင် နေနိုင်မှာဖြစ်ပါတယ်။

ဒီနေ့ခေတ် လူ့ဘဝကိုကြည့်ရင်၊ လူမှုဘဝရဲ့ဒုက္ခမျိုးစုံ၊ အပုတ်နံ့မျိုးစုံဟာ ဒီပညတ်တော်နဲ့အတူ မနေထိုင်ကြလို့ဖြစ်ပါ တယ်။ ရောဂါဆိုးတွေမျိုးစုံဟာလဲ ဒီပညတ်တော်မစောင့်ထိန်းနိုင်လို့ဖြစ်ပါတယ်။ အေအိုင်ဒီအက်စ် တခုဘဲမဟုတ်ပါဘူး၊ သားအိမ်ခေါင်းကင်ဆာရကြရတဲ့ အမျိုးသမီးအများစုဟာ ဒီပညတ်တော်နဲ့တိုက်ရိုက်တမျိုး သွယ်ဝိုက်တမျိုး သက်ဆိုင်နေပါတယ်။ ကလေးငယ်တွေ လူစဉ်မမှီဘဲမွေးလာကြတာမျိုးစုံဟာ ဒီပညတ်တော်နဲ့တိုက်ရိုက်သက်ဆိုင်ပါတယ်။ နူနာမျိုးဆုံဟာ ဒီပညတ်တော်နဲ့တိုက်ရိုက်သက်ဆိုင်ပါတယ်။ ၇.၆.၂၀၁၂ ကြေးမုံသတင်းစာမှာ အခုကာလသာရောဂါနောက်တမျိုးပေါ်နေတယ်၊ ဘာလို့လဲဆိုတော့ ဒီပညတ်ကို ကမ္ဘာ့လူသားတွေက တိုက်ရိုက်ချိုးဖေါက်နေကြလို့ပါဘဲ။ အခုပေါ်တဲ့ကာလသားရောဂါပိုး(ဆစ်ဖလစ်)ဟာ ဘာဆေးမှမတိုးပါဘူး။ နှိမ့်ဖို့ဘဲကျန်ပါတယ်။

**အိမ်ထောင်ကိုဘုရားသခင်ဖန်ဆင်းခြင်း**

ပထမဆုံး ဒီပညတ်ကနေ၊ ဘုရားသခင်ပြောတာက အိမ်ထောင်ပြုခြင်း၊ အိမ်ထောင်ကျခြင်း၊ ယောကျာ်းယူခြင်း၊ မိန်းမယူခြင်းကို သူကဖန်ဆင်းတယ်၊ ဒါ့ကြောင့် သူ့ဥပဒေသနဲ့သာ အိမ်ထောင်ပြုပြီး၊ သူ့ဥပဒေသနဲ့သာ အိမ်ထောင်စီမံခန့်ခွဲ၊ နေထိုင်ရမယ်လို့ပြောတာဖြစ်တယ်။ ဖို့မဆက်ဆံရေးကို အိမ်ထောင်အတွင်းမှာဘဲ ကျင့်သုံးရမယ်၊ အိမ်ထောင်ပြင်ပမှာ ဘယ်လိုပုံစံနဲ့မှ ဖို့မဆက်ဆံရေးကို မကျင့်သုံးရဘူးလို့ သေချာရှင်းလင်းနေအောင်ပြောတာဖြစ်ပါတယ်။

ဒီနေ့ခေတ်မှာ၊ လူအများပြောတာက၊ ယောကျာ်းနဲ့မိန်းမ နှစ်ဦးသဘောတူရင် ဘာမဆိုလုပ်လို့ရတယ်လို့ထင်နေပါတယ်၊ ပြီးတော့ ဈေးမှာ ပစ္စည်းတခုခုကို တန်ရာတန်ကြေးပေးပြီးတယ်ရင် တရားတယ်၊ ဒါ့ကြောင့် ပြည့်တန်ဆာကို တန်ရာတန်ကြေးပေးပြီး ဆက်ဆံရင် တရားတယ်လို့ထင်နေကြပါတယ်။ ဒါတွေကို ဒီပညတ်က ခွင့်မပြုပါဘူး။ အဲဒါကို ပျက်စီးခြင်းလို့ခေါ်ပါတယ်။ ဒီလိုအတွေးအမြင်တွေကြောင့် ဘုရားသခင်က ကမ္ဘာဦးကနေ ကာလသားရောဂါကို ဒဏ်ခတ်ခြင်းအနေနဲ့ပေးလာတာ၊ တွေ့သမျှ အနူ

တွေအားလုံး အဲဒီကာလသားရောဂါကြောင့် နူကြတာဖြစ်တယ်။ မနူချင်ရင် ဒီပညတ်ကိုလိုက်နာရမှာဖြစ်တယ်။ ဒါ့ကြောင့် ဒီပညတ်ဟာ ကျွန်တော်တို့ကို ချုပ်တည်းခြင်းမဟုတ်ပါဘူး။ တကယ့်လွတ်လပ်ခြင်းကို ပေးခြင်းဘဲဖြစ်ပါတယ်။

အိမ်ထောင်ပြုတာဟာ အင်မတန်ကောင်းတယ်လို့ပြောနေတာဖြစ်တယ်။ အဆင့်နိမ့်လူသားက မိမိအသွေးအသားကိုမထိမ်းနိုင်လို့ ပြုသောအမှုမဟုတ်ပါဘူး။ ရှက်စရာအမှုလည်း မဟုတ်ပါဘူး။ ဒါ့ကြောင့် သန့်ရှင်းစွာအိမ်ထောင်ပြုရမှာဖြစ်တယ်။ ခိုးပြေးစရာမလိုဘူး။ အိမ်ထောင်မကျခင် ဟိုမှာချိန်းဒီမှာချိန်း၊ မဖြစ်သင့်တာတွေလည်း ဖြစ်စရာမလိုပါဘူး။ ဘုရားသခင်က လွတ်လပ်စွာအိမ်ထောင်ပြုဖို့ ခွင့်ပြုထားတာဘဲ။ အသက်ရွယ်ပြည့်လို့ မိမိအိမ်ထောင်ကိုကျွေးမွေးနိုင်ချိန်ရောက်ရင် လူတိုင်း အိမ်ထောင်ပြုခြင်းကို ဘုရားသခင်က ဒီပညတ်တော်အားဖြင့် ခွင့်ပြုနေတာဖြစ်တယ်။ တချို့က အိမ်ထောင်တာဝန်တွေကို မထမ်းချင်လို့ ရှုပ်ပွေနေကြတာဖြစ်တယ်။ ဒီလိုလူတွေဟာ ဘဝနောင်ရေး မကောင်းနိုင်ကြပါဘူး။ ဘုရားသခင့်ပညတ်ကို လူငယ်ဘဝမှာ ကြိုက်သလိုချိုးဖေါက်ခြင်းဟာ သူတို့နောက်ကို တကောက်ကောက်အရိပ်လိုလိုက်နေမှာဖြစ်ပါတယ်။ အနည်းဆုံး သူတို့ရဲ့သြတ္တပ္ပစိတ်ကို ဒုက္ခပေးမှာဖြစ်တယ်။

ဘုရားသခင်ထားသောရည်ရွယ်ချက်

ဘုရားသခင်ဟာ ဒီပညတ်တော်အားဖြင့်၊ သူ အိမ်ထောင်တွေမှာ ဘာကိုရည်ရွယ်ချက်ထားသလဲဆိုတာ သိစေချင်ပါတယ်။ သုံးပါးတဆူထဲမှာရှိသော ပဋိညာဉ်ဆက်ဆံရေးဖြစ်တဲ့ နွေးထွေးနီးကပ်လှတဲ့ ရင်းနှီးဆက်ဆံမှု၊ သူငယ်ချင်းဖြစ်မှု၊ ချစ်ခင်မြတ်နိုးမှု၊ တလုံးတဝတည်းဖြစ်မှုတွေကို ဘုရားသခင်က ခရစ်တော်အားဖြင့် အသင်းတော်ကို ကယ်တင်ခြင်းနဲ့ဖေါ်ပြချင်ပါတယ်၊ အဲဒီ ခရစ်တော်နဲ့အသင်းတော်ကြား ဖွင့်ပြနေတဲ့ ပဋိညာဉ်ရဲ့ နီးကပ်မှု၊ တစ်ဖြစ်မှုကို အိမ်ထောင်အားဖြင့် ဘုရားသခင်က လူသားတွေထံမှာ ဖွင့်ပြချင်ပါတယ်။

ဒါ့ကြောင့် ဖန်ဆင်းချိန်မှာ အာဒံကို ပထမ တယောက်တည်းဖန်ဆင်းပြီး၊ သူ့ရဲ့လိုအပ်နေမှုကို သိစေပါတယ်။ ပြီးတော့ ဧဝကိုဖန်ဆင်းတဲ့အခါမှာလည်း၊ နောက်တယောက်သီးသန့်ဖန်ဆင်းတာမျိုးမဟုတ်ဘဲ၊ အာဒံထဲကနေ ခွဲထုတ်ယူပြီးဖန်ဆင်းပါတယ်။ ပြီးတော့ ဘုရားသခင်က ဖခင်အနေနဲ့ သတို့သမီးဧဝကို သတို့သားအာဒံထံယူလာပြီး လက်ဆက်ပေးပါတယ်။ ဒါဟာ နောက်ပိုင်း လူသားမျိုးနွယ်အားလုံးက လိုက်လုပ်ရမဲ့ပုံစံအမှန်ပါဘဲ။ ပဋိညာဉ်အိမ်ထောင်လို့ခေါ်ရမှာဖြစ်တယ်။

ဒါပေမဲ့ လူဟာအပြစ်သားဖြစ်လာတော့၊ ဘုရားသခင်ပဋိညာဉ်အိမ်ထောင်ကိုတည်မဲ့အစား၊ နတ်ဆိုးရဲ့ဩဝါဒအတိုင်း ပဋိညာဉ်အိမ်ထောင်ကိုဖျက်ပါတယ်။ ဒါ့ကြောင့် ကာဣနရဲ့မျိုးနွယ်ဆက် (၇)ဆက်ရောက်တာနဲ့ မိန်းမအများကြီးကို စယူတော့တာဘဲ။ နောက်ပိုင်း ပိုပြီးတော့ဆိုးရွားလာတာ၊ တကမ္ဘာလုံးရေလွှမ်းမိုးပြီး ဖျက်ပစ်လိုက်တဲ့အထိပါဘဲ။

ဒါပေမဲ့ အာဒံနဲ့သူ့အဆက်အနွယ်ကတော့၊ ပဋိညာဉ်အိမ်ထောင်ကို ဆက်လက်တည်မြဲစေတာ၊ ရေလွှမ်းမိုးပြီးတော့လဲ နောဧအားဖြင့် ဒုတိယကမ္ဘာထဲကို ဆက်လို့ ယူသွားပါတယ်။ ကမ္ဘာသူကမ္ဘာသားတွေ ဘယ်လောက်ဘဲ ပိုပိုဆိုးလာနေပေမဲ့ အသင်းတော်ကတော့ ပုံမှန်ပဋိညာဉ်အိမ်ထောင်တွေတည်ထောင်ပြီး၊ ဘုရားသခင့်အသင်းတော်ကို ဆက်၍မွေးထုတ်နေပါတယ်။ ဒါ့ကြောင့် ယုံကြည်သူမိဘနှစ်ပါးကမွေးလာတဲ့ကလေးတွေကို ပဋိညာဉ်သားသမီးများလို့ခေါ်တာဖြစ်တယ်။ သူတို့ဟာ မယုံကြည်သူတွေရဲ့ သား သမီးတွေနဲ့ဘယ်လိုမှမတူပါဘူး။

ဒါ့ကြောင့် ဘုရားသခင်က အိမ်ထောင်မှာထားတဲ့ရည်ရွယ်ချက်ကို နံပတ်တပ်ပြီးပြောရရင်၊– (၁) ပဋိညာဉ်ရဲ့နီးကပ်မှု၊ တစ်ဖြစ်မှု၊ နွေးထွေးမှု၊ သစ္စာရှိမှု၊ ပျော်စရာကောင်းမှုတွေကို လင်နဲ့မယားကြားဖေါ်ပြနားလည်စေချင်တာဖြစ်တယ်။ (၂) အဲဒီလိုနဲ့ ဘုရားသခင့်ပဋိညာဉ်သားသမီးတွေ မွေးထုတ်ဖို့ဖြစ်တယ်။ မွေးလာတဲ့ကလေးတွေနဲ့ ပဋိညာဉ်အသင်းတော်တည်ထောင်ဖို့ဖြစ်တယ်။

သတိထားရမည့်အချက်များ

အမြဲတမ်း နတ်ဆိုးကတော့ အိမ်ထောင်ပြုခြင်းကို နည်းမျိုးစုံနဲ့ဖျက်ချင်နေပါတယ်။ ကမ္ဘာဦးကနေစတာဖြစ်တယ်၊ အသစ်တော့မဟုတ်ပါ။ တဖက်က အိမ်ထောင်ပြုတာမကောင်းဘူး၊ အိမ်ထောင်မပြုဘဲ ဘာသာရေးလုပ်တာပိုကောင်းတယ်ဆိုတဲ့အိုင်ဒီယာကို လူ့ယဉ်ကျေးမှုတွေထဲသွင်းပါတယ်။ နောက်တဖက်ကတော့၊ တဦးထက်မကသောသူများနဲ့ အိမ်ထောင်အများကြီးပြုတာ ကောင်းတယ်ဆိုတဲ့ အိုင်ဒီယာတွေကို ထုတ်လုပ်ပါတယ်။ နောက်တခုကတော့ အိမ်ထောင်မပြုရင်လည်း ကိုယ်ကြိုက်တဲ့သူတွေနဲ့ လွတ်လပ်စွာနေကြတာဟာ အချစ်ဘဲလို့ ပြောနေပါတယ်။ နောက်ဆုံးမှာ သဘာဝတူအချင်းချင်း ချစ်တာအကောင်းဆုံး၊ ယောကျ်ားက ယောကျ်ားကိုချစ်တာ၊ မိန်းကလေးက မိန်းကလေးကိုချစ်တာ အကောင်းဆုံးလို့ ကျယ်ကျယ်လောင်လောင် ကမ္ဘာပေါ်မှာ သင်ပေးနေပါတယ်။ ဒါတွေအားလုံးဟာ နတ်ဆိုးရဲ့ထောင်ချောက်တွေပါဘဲ၊ ကျွန်တော်တို့ကလည်း အာဒံနဲ့ဧဝကနေ ဆင်းသက်တဲ့ လူသားတွေဘဲဖြစ်တော့၊ ဒီအိုင်ဒီယာတွေထဲက တခုခုနဲ့တကြိမ်မဟုတ်တကြိမ်မှာ တွေ့ကြရမှာဖြစ်တယ်။ အဲဒီအခါမှာ ကျွန်တော်တို့ရဲ့အသွေးအသားကိုဦက ဒါတွေကို အတော်နှစ်သက်ကြကြောင်း တွေ့ရမှာဖြစ်တယ်။ ခရစ်တော်ရဲ့ကယ်တင်ခြင်းတခုတည်းကဘဲ ကျွန်တော်တို့ကို အဲဒီထောင်ချောက်တွေကနေ လွတ်စေနိုင်ပါတယ်။ နတ်ဆိုးက အမြဲညာပါတယ်။ ဒီတော့ အိမ်ထောင်ရေးမှာ စည်းကမ်းမရှိဘဲ ထင်ရာဆိုင်းတာ၊ ခိုးစားတဲ့အသီးကပိုချိုတယ်လို့ပြောတာတွေအားလုံး လိမ်ညာတာဆိုတာ နားလည်ရပါတယ်။

နောက်အန္တရယ်တခုကတော့၊ ကယ်တင်ခြင်းဟာ ခရစ်တော်ကနေလာတယ်၊ ဒါပေမဲ့ အိမ်ထောင်ပြုခြင်းကတော့ လူသားတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကနေလာတယ်ဆိုတဲ့အိုင်ဒီယာပါဘဲ။ ဒါက ဘာကိုပြောချင်သလဲဆိုတော့၊ ကယ်တင်ခြင်းနဲ့ဆိုင်ရင် ကျမ်းစာအတိုင်းပေါ့၊ ဒါပေမဲ့ လူမှုရေးနဲ့ဆိုင်ရင်တော့ ကျမ်းစာထက် ရှိရင်းဆွဲဓလေ့ထုံးစံတွေအတိုင်းဘဲလုပ်ရမယ်လို့ ဆိုလိုတာဖြစ်တယ်။ ဒါမျိုးကို တောင်ပေါ်ဒေသ မျိုးနွယ်စုတွေမှာ အများဆုံးတွေ့ရတတ်ပါတယ်။ ခရစ်ယာန်တော့ ခရစ်ယာန်တွေဘဲ၊ ဒါပေမဲ့

လူမှုရေးတွေမှာ ဘုရားသခင်ပညတ်တော်တွေအတိုင်းမဟုတ်ကြတော့ဘူး။ ဒါဟာလည်း နတ်ဆိုးကနေ လှည့်စားထားတာဖြစ်တယ်။ ဒါကို ဒီပညတ်တော်အားဖြင့် ပြောင်းလဲရမှာဖြစ်တယ်။ ခရစ်တော်ရဲ့ဩဝါဒတွေဟာ ကယ်တင်ခြင်းအတွက်တင်မဟုတ်ဘဲ၊ လူမှုဘဝ ထုံးစံတွေအတွက်လည်းဖြစ်တယ်ဆိုတာကို သိရမှာဖြစ်တယ်။

ဒါ့ကြောင့် ခရစ်စမတ်ပွဲ၊ နှစ်သစ်ကူးပွဲ၊ ပါတီပွဲ၊ လူမျိုးရေးပွဲ တွေကို သတိထားရမှာဖြစ်တယ်။ အဲဒီပွဲတွေမှာ လူတွေက မူး ယစ်စေတဲ့အရာတွေသုံးရင်ပိုဆိုးပါတယ်။ ဒါ့ကြောင့် ခရစ်ယာန်မိဘတွေအနေနဲ့ အဲဒီလိုပွဲမျိုးကို ကလေးတွေနဲ့သွားရင် ကလေးတွေ ဘယ်နေရာရောက်နေသလဲဆိုတာ အမြဲ ကြည့်နေရပါမယ်။ ခင်ဗျားအာလူးဖုတ်တာလွန်လို့ ကလေးတွေ ဘယ်နေရာရောက်မှန်း မသိတာမျိုးမဖြစ်ရပါဘူး။ ကျမ်းစာသင်တမ်းတွေလွှတ်ရင်လည်း၊ သတိထားပြီးလွှတ်ရမှာဖြစ်တယ်။ အသင်းတော် အထွေထွေညီလာ ခံကြီးတွေမှာ လူတွေပေါက်ပြန်တတ်ကြတာ သတိထားရမှာဖြစ်တယ်။

ကျွန်တော်တို့ဟာ ခရစ်ယာန်တွေဖြစ်တော့ ဖိုမဆက်ဆံရေးကို ခရစ်ယာန်အမြင်နဲ့ကြည့်ရမှာဖြစ်တယ်။ အဲဒီလိုကြည့်တတ် ဖို့ အခြေခံအနေနဲ့ ဒီပညတ်တော်ကို ဘုရားသခင်ကပေးထားပါတယ်။ (ဆရာဆန်ကျဲ)